ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၄၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၄၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါ တော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၂.၇၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၄၀)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ၁၀-၆-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)နှင့် ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသူ (၆)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၁၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၆)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၄၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် (၁)ဦး မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုအစိုးရအနေဖြင့် လူငယ်ရေးရာ မူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း က ပြည်ထောင်စုအစိုးရအနေဖြင့် လူငယ်ရေးရာ မူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါဆိုပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပြည်ထောင်စုအစိုးရအနေဖြင့် လူငယ်ရေးရာ မူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိသည် ဆိုပါက မည်သည့်အချိန်ကာလအတွင်း မည်ကဲ့သို့သောအစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန်နှင့် အချိန်မလုံလောက်ပါက အချိန်အနည်းငယ်တိုးမြှင့်ပေးပါရန် ကြိုတင်မေတ္တာ ရပ်ခံအပ်ပါတယ်။ လူငယ်ရဲ့ အသက်အပိုင်းအခြားကို ကုလသမဂ္ဂရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အသက် (၁၀)နှစ်မှ (၁၉)နှစ်အတွင်းမှာရှိတဲ့လူငယ်တွေကို ကျွန်တော်တို့ တက်သစ်စလူငယ်ဆိုပြီးတော့ သတ်မှတ်ပါတယ်။ အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်းကို ကျွန်တော်တို့ လူငယ်ဆိုပြီးတော့သတ်မှတ် ထားပါတယ်။ လူငယ်ရဲ့အသက်အရွယ်သတ်မှတ်ချက်တွေက တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဗီယက်နမ်နဲ့ အိန္ဒိယတို့မှာ ကျွန်တော်တို့ ဒီ Slide မှာ ပြထားတဲ့ အတိုင်းပါပဲ။

မြန်မာနိုင်ငံအနေနဲ့ ကျွန်တော်တို့ တိတိကျကျသတ်မှတ်ထားခြင်း မရှိသေးသော်လည်းဘဲ ယေဘုယျအားဖြင့် (၁၅)နှစ်မှ (၂၉)နှစ်အတွင်းကို ကျွန်တော်တို့ လူငယ်ဆိုပြီးတော့ အများစုက လက်ခံနေတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံရဲ့ လူဦးရေသန်းခေါင် စာရင်းအရ အသက်(၁၅)နှစ်မှ (၂၉)နှစ်အတွင်းမှာရှိတဲ့လူငယ်ဟာ စုစုပေါင်း (၁၃)သန်း ရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အသက်(၁၅)နှစ်ကနေ (၂၄)နှစ်အတွင်းမှာရှိတဲ့လူငယ်တွေကို ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံလူဦးရေရဲ့ (၁၇.၈၁)ရာခိုင်နှုန်းရှိတာကို တွေ့ရမှာပါ။ အဲဒီတော့ အဲဒီအရေအတွက်သည် ကျွန်တော်တို့ မြန်မာနိုင်ငံလူဦးရေရဲ့ သုံးပုံတစ်ပုံခန့် ရှိတာကို ကျွန်တော်တို့ တွေ့ရမှာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ လူငယ်ဖွံ့ဖြိုးမှုညွှန်းကိန်းဆိုတာ ရှိပါတယ်။ လူငယ်ဖွံ့ဖြိုးမှုညွှန်းကိန်းဆိုတာကတော့ လူသားဖွံ့ဖြိုးမှုညွှန်းကိန်းမှာ ကျွန်တော်တို့ အခြေခံပြီးတော့ လူငယ်တွေကို ဦးတည်ထားတဲ့ တိကျတဲ့တိုင်းတာချက်တွေကို ထပ်မံဖြည့်စွက် ပေါင်းထည့်ထားခြင်းဖြစ်ပါတယ်။ လူငယ်ဖွံ့ဖြိုးမှုညွှန်းကိန်းကို ကြည့်မယ်ဆိုရင်လည်း မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း (၁၇၀)မှာ အဆင့်(၁၃၄)သာရှိတာ ကျွန်တော်တို့ တွေ့ရမှာပါ။ အဲဒီညွှန်းကိန်းအရ မြန်မာလူငယ်တွေဟာ ဖွံ့ဖြိုးတိုးတက်မှု အရမ်းကိုနိမ့်ကျနေပါတယ်။ ဒါကြောင့် မြန်မာလူငယ်ထု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်ဖို့ လိုအပ်လှပါတယ်။ လူငယ်ဖွံ့ဖြိုးရေးကို ကျွန်တော်တို့ ဘာကြောင့်မို့လို့ ဦးစားပေးဆောင်ရွက်သင့်သလဲဆိုတော့ လူငယ်တွေဟာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရင်းအမြစ်တွေ ဖြစ်ပါတယ်။ နည်းပညာ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူမှုအပြောင်းအလဲတွေအတွက် အခရာကျတဲ့ဖန်တီး ဆောင်ရွက်နိုင်သူတွေ ဖြစ်ပါတယ်။ လူငယ်တွေရဲ့ တွေးခေါ်ကြံဆမှုတွေ၊ စိတ်ကူးစိတ်သန်းတွေ၊ ရည်မှန်းချက်တွေဟာ၊ စွမ်းဆောင်နိုင်စွမ်းရည်တွေဟာ သူတို့နေထိုင်တဲ့ လူ့အဖွဲ့အစည်းရဲ့ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်ကို လိုအပ်လှပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လူငယ်ဖွံ့ဖြိုး တိုးတက်ရေး ကို အဓိကလုပ်မယ်ဆိုရင်တော့ လူငယ်ရေးရာမူဝါဒကတော့ ကျွန်တော်တို့ မဖြစ်မနေ လိုအပ်လှပါတယ်။ လူငယ်ရေးရာမူဝါဒ ဆိုတဲ့ဟာကတော့ ပြည်သူ့ရေးရာ မူဝါဒတွေကို ချမှတ်တဲ့အခါမှာ လူငယ်တွေအပေါ်မှာ နည်းလမ်းမျိုးစုံနဲ့ ရိုက်ခတ်သက်ရောက် စေပါ တယ်။

အဲဒီတော့ ကျွန်တော်တို့က ပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့ရေးရာမူဝါဒတွေဟာ လူငယ်တွေပေါ်မှာ ဘယ်လောက်ထိ အကျိုးသက်ရောက်မှု ရှိစေသလဲဆိုတဲ့ ရှုထောင့်ကနေ ကြည့်ပြီးတော့ ပြည်သူ့ရေးရာမူဝါဒတွေကို ချဉ်းကပ်ဖော်ဆောင်ရခြင်းလည်း ဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်နိုင်ရန်အတွက် လူငယ်ရေးရာမူဝါဒဟာ လမ်းညွှန်မှုမူဘောင်တစ်ခု ဖြစ်သလိုပဲ လူငယ်ဖွံ့ဖြိုးရေးအတွက် အစိုးရနဲ့ လူငယ်ကြား ကတိကဝတ်တစ်ခုလည်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာရှိတဲ့ ကမ္ဘာ့လူငယ်ရေးရာ မူဝါဒ အခြေနေကိုကြည့်မယ်ဆိုရင် နိုင်ငံပေါင်း(၁၉၈)နိုင်ငံမှာ (၁၂၂)နိုင်ငံသာလျှင် လူငယ်ရေးရာမူဝါဒ ရှိတာကို ကျွန်တော်တို့တွေ့ရပါတယ်။ နိုင်ငံ(၃၇)နိုင်ငံလုံးမှာတော့ လူငယ်ရေးရာမူဝါဒတွေကို ပြန်လည် ပြင်ဆင်နေခြင်း၊ ဒါမှမဟုတ် အသစ်စတင် လုပ်ဆောင်နေခြင်းများလည်း ရှိနေပြီးတော့၊ နိုင်ငံပေါင်း(၃၁)နိုင်ငံမှာတော့ လူငယ်ရေးရာမူဝါဒများ လုံးဝမရှိပါဘူး။ အဲဒီထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံလည်းအပါအဝင်ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံမှာရှိတဲ့ ဒါကတော့ ကမ္ဘာ့နိုင်ငံမှာရှိတဲ့ လူငယ်ရေးရာမူဝါဒ

အခြေပြု မြေပုံ ဖြစ်ပါတယ်။ အဲဒီမှာ အနီရောင်ပြထားတာကတော့ ကျွန်တော်တို့ လူငယ်ရေးရာ မူဝါဒမရှိတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။

အဲဒီတော့ လူငယ်ရေးရာမူဝါဒရှိလာရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမလဲဆိုတော့ လူငယ်နဲ့လူကြီးကြား ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတွေ ပိုပြီးတော့ ကျွန်တော်တို့ ကောင်းမွန်လာပါမယ်။ လူငယ်အစိုးရ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကကဏ္ဍတွေကြားမှာ ဘုံသဘောတူညီတဲ့ ဦးတည်ချက်ပန်းတိုင်တွေ ပေါ်ပေါက်လာနိုင်မှာပါ။ အနာဂတ်လူငယ်တွေအတွက် အစီအစဥ်ရေးဆွဲနိုင်တဲ့ နည်းလမ်းတစ်ခုအဖြစ် ကျွန်တော်တို့ ပံ့ပိုးပေးနိုင်ပါတယ်။ လူ့အဖွဲ့အစည်းမှာ အရေးကြီးတဲ့ အုပ်စု တစ်စုအဖြစ် လူငယ်ထုရဲ့ ပုံရိပ်ကိုလည်း မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် မြန်မာလူငယ်ထု ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်လှပါတယ်။ မြန်မာလူငယ်ထု ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် လူငယ်ရေးရာမူဝါဒက မဖြစ်မနေ ပြဋ္ဌာန်းရေးဆွဲဖို့လည်း လိုအပ်ပါတယ်။ ဒါ့ကြောင့် မြန်မာ လူငယ်ထု ဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံလက်ရှိသွားနေတဲ့ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကြီး တည်ထောင်ရေးတို့မှာ လူငယ်ထု ပူးပေါင်းပါဝင် လာစေရေးတို့အတွက် ရည်ရွယ်ပြီးတော့ လူငယ်ထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန် ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ တနင်္သာရီတိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း မေးမြန်းထားရှိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် လူငယ်ရေးရာမူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဥ်ရှိပါက မည်သည့်အချိန်ကာလအတွင်း မည်ကဲ့သို့ အစီအစဥ်များဖြင့် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဥ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေ ကြားသွားမှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီး ဌာနသည် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို

များအတွက် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ စီမံချက်များချမှတ်ပြီး သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပြည်သူ့အစိုးရဖြစ်တာနှင့်အညီ ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံစုစုပေါင်းလူဦးရေရဲ့(၁၇.၈၁)ရာခိုင်နှုန်းဟာ အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်းရှိသော လူငယ်များဖြစ်ပါတယ်။ ယင်းလူငယ်များသည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားတဲ့အင်အားစုတစ်ရပ်အဖြစ်အနာဂတ် ခေါင်းဆောင်များလည်း ဖြစ်ကြပါတယ်။ ယနေ့ခေတ်မှာ အရည်အသွေးပြည့်ဝတဲ့ လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်တဲ့ နိုင်ငံတွေဟာ အရှိန်အဟုန်နဲ့ တိုးတက်လျက်ရှိ တာကိုတွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်များကို မှန်ကန်တဲ့လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုတဲ့ နိုင်ငံ့သားကောင်းများ အဖြစ်သို့ ရောက်ရှိစေရန် စနစ်တကျ ပြုစုပျိုးထောင်ရန် လိုအပ်ပါတယ်။

ကမ္ဘာပေါ်ရှိနိုင်ငံများတွင် လူငယ်မူဝါဒရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက် နိုင်ခြင်းမရှိသေးသည့် နိုင်ငံပေါင်း(၃၀)ကျော်ရှိရာ မြန်မာနိုင်ငံသည်လည်း တစ်နိုင်ငံအဖြစ်ပါဝင် ပါတယ်။ လူငယ်မူဝါဒ ရေးဆွဲနိုင်ခြင်းမရှိတဲ့နိုင်ငံများမှာ လူငယ်များရဲ့လိုအပ်ချက်များ၊ တောင်းဆိုချက် များ၊ အမြင်များအပေါ်အခြေခံ၍ လုံလောက်သည့်တုံ့ပြန်မှုများ ဆောင်ရွက်ပေးနိုင်မှုအားနည်းကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှာ လူငယ်မူဝါဒရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံကောင်းများနှင့် အထောက်အကူပေးမည့် ဝန်းကျင်တစ်ခုကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပြီး၊ မြန်မာနိုင်ငံရဲ့ အမျိုးသားရေး ရည်မှန်းချက်များ၊ ဦးစားပေးအစီအစဉ်များနဲ့ ဒီမိုကရေစီလမ်းစဉ်ဖော်ဆောင်ရေးတို့မှာ များစွာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရဲ့ ရက်(၁၀၀)စီမံချက်မှာ လူငယ်မူဝါဒတစ်ရပ်ရေးဆွဲရန် ထည့်သွင်းထားပြီး စီမံချက်ကာလအတွင်းလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UN Agencies, NGOs, INGOs များနဲ့ လူငယ်ကိုယ်စားလှယ်များ(အမျိုးသမီးများ၊ မသန်စွမ်းလူငယ်များအပါအဝင်) လူငယ် မူဝါဒရေးဆွဲနိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် မူကြမ်းရေးဆွဲရေးအဖွဲ့တို့ကိုဖွဲ့စည်းခြင်း၊ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများရဲ့ လူငယ်မူဝါဒများအား လေ့လာခြင်း၊ အစည်းအဝေး များကျင်းပခြင်း၊ လူငယ်များကိုယ်တိုင်ပါဝင်ရေးဆွဲသော လူငယ်မူဝါဒ(မူကြမ်း) ရေးဆွဲခြင်း၊ ပွင့်လင်းမြင်သာမှုရှိရန် ရှင်းလင်းချပြခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အသက်(၁၅)နှစ်မှ(၂၄)အထိ လူငယ်အုပ်စုရဲ့ ပညာသင်ယူခွင့် ရရှိရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ် များကို အမျိုးသားပညာရေးဥပဒေပါ ရည်မှန်းချက်၊ အမျိုးသား ပညာရေးဆိုင်ရာအခြေခံမူများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဥပဒေကို အခြေခံ၍ အမျိုးသား ပညာရေး မဟာဗျူဟာ

စီမံကိန်း ၂၀၁၆-၂၀၂၁ (မူဝါဒနှင့် စီမံကိန်းလုပ်ငန်းအညွှန်းဘောင်)ကို ရေးဆွဲ အတည်ပြု အကောင်အထည်ဖော်လျက်ရှိ ပါတယ်။ လူငယ်ရေးရာမူဝါဒလို့ သီးခြားသတ်မှတ်ထားခြင်းမရှိ ပေမယ့် လူငယ်များဖွံ့ဖြိုးမှုအတွက် ပညာရေးမူဝါဒ ထားရှိဆောင်ရွက်လျက် ရှိပါတယ်။

လူငယ်လူရွယ်များရဲ့ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံတကာနှင့်သက်ဆိုင်တဲ့ အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်မှ စတင်ရေးဆွဲခဲ့တဲ့ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အမျိုးသား ကျန်းမာရေး မဟာဗျူဟာများ (၂၀၁၄-၂၀၁၈) ခု(National Strategic Plan For Reproductive Health in Myanmar(2014-2018))မှာ ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးမှာ ဦးစားပေး နယ်ပယ် တစ်ရပ်အဖြစ် ပါဝင်ပါတယ်။ HIV/AIDS ဆိုင်ရာ အမျိုးသားကျန်းမာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၆) ခု (National Strategic Plan For HIV/AIDS (2011-2016))၌ HIV/AIDS ကူးနိုင်ခြေ အများဆုံးဖြစ်တဲ့ ဆယ်ကျော်သက်နဲ့လူငယ်များအား ဦးစားပေး ထည့်သွင်းခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လူငယ်ကျန်းမာ ရေးဆိုင်ရာ (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀ ခု၊ (Five-Year Strategic plan for young people's health (2016-2020))အား ပြုစုထုတ်ဝေခဲ့ပြီး၊ အောက်ပါလုပ်ငန်းစဉ်များအား ဆယ်ကျော် သက်နှင့်လူငယ်များ ကျန်းမာရေးဦးစားပေး ကဏ္ဍများအဖြစ် သတ်မှတ်ဆောင်ရွက်ရန် ပါဝင်ခဲ့ပါသည်။

(က) ပြီးပြည့်စုံသော ဆယ်ကျော်သက်နှင့်လူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုများပေး နိုင်ရန် ကျန်းမာရေးစနစ်အား အားဖြည့်ဆောင်ရွက်ရန်။ (ခ) ဆယ်ကျော်သက်နှင့်လူငယ်များ၏ ကျန်းမာရေးဗဟုသုတများနှင့် ကျွမ်းကျင်မှုများ တိုးတက်ဖွံ့ဖြိုးလာစေရေး အလေးပေးဆောင်ရွက်ရန်။ (ဂ) ဆယ်ကျော်သက်နှင့် လူငယ်များအနေဖြင့် ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေး စောင့်ရှောက် မှုများအား လက်လှမ်းမီစေရန်နှင့် အသုံးပြုနိုင်စေရန်အတွက် လူထုပါဝင်မှုကဏ္ဍအား မြှင့်တင်ရန်။ (ဃ) ဆယ်ကျော်သက်နှင့်လူငယ်များအနေဖြင့် လူငယ်ဆိုင်ရာမူဝါဒများ၊ အစီအစဉ်များတွင် ပါဝင် နိုင်ရန်အတွက် ထိရောက်သော အမျိုးသားသတင်းစနစ်တစ်ခု တည်ထောင်ရန် တို့ဖြစ်ပါတယ်။

လူငယ်မူဝါဒ ရေးဆွဲရာမှာ အထောက်အကူဖြစ်စေဖို့ရည်ရွယ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ၁၈-၅-၂၀၁၆ ရက်နေ့မှ ၁၉-၅-၂၀၁၆ ရက်နေ့အထိ ကျင်းပခဲ့တဲ့ ဆယ်ကျော်သက်လူငယ်များညီလာခံမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပူးပေါင်းပါဝင်ကူညီကာ ဆယ်ကျော်သက်လူငယ် ကျန်းမာရေး နှင့်အားကစားကဏ္ဍနှင့်ပတ်သက်ပြီး ဆယ်ကျော်သက်များ၏ လိုအပ်ချက်များ၊ အရေးကြီးကိစ္စများနှင့် အခက်အခဲများကိုဖြေရှင်းရန် လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် အထောက်အပံ့များအား ပြန်လည် ဆွေးနွေး ဖြေကြားပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ မျိုးဆက်သစ်လူငယ်များအနေ နှင့် ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာတတ်မှု၊ ပညာအရည်အသွေးပြည့်ဝ မှု၊ တီထွင်ကြံဆနိုင်မှု၊ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှု စသည့်အခြေခံကောင်းများ ပြည့်စုံရန်လိုအပ်ပြီး အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ပခုံးပြောင်းတာဝန်ယူ

ထမ်းဆောင်သွားရမည်ဖြစ်ရာ လူငယ်များအားလုံးကို ဗလငါးတန် ပြည့်ဝစေပြီး ဘက်စုံအရည်အသွေး မြင့်မားစေသည့်လူငယ်များ ဖြစ်လာစေရန် လူငယ်မူဝါဒရေးဆွဲ၍ အထူးအလေးထား ပြုစုပျိုး ထောင်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ထိုလူငယ်မူဝါဒကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၏ ရက်(၁၀၀)စီမံကိန်းမှာ ဦးစားပေးလုပ်ငန်းအဖြစ်ဆောင်ရွက်လျက်ရှိရာ ရက်(၁၀၀)စီမံကိန်း၏ အစ ဖြစ်သော ဧပြီလ ၂၀ ရက်နေ့မှ စတင်အကောင်အထည်ဖော်လျက်ရှိပြီး မြန်မာနိုင်ငံလူငယ်မူဝါဒ ရေးဆွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး၊ မြန်မာနိုင်ငံလူငယ်မူဝါဒ ရေးဆွဲရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံလူငယ်မူဝါဒ မူကြမ်းရေးဆွဲရေးအဖွဲ့ဟူ၍ ဖွဲ့စည်းကာ လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲ နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလကုန်မှာ မူကြမ်းထွက်ရှိရန် လျာထား ကြိုးပမ်းလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၈။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းလိုပါတယ်ခင်ဗျား။ အခုလို ကျွန်တော်တို့ လူငယ်တွေအတွက် ရည်ရွယ်ပြီးတော့၊ စေတနာ ထားပြီးတော့၊ ကျွန်တော်တို့ကို မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ကျွန်တော်တို့ ပြည်ထောင်စု ဝန်ကြီးအား အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် သိချင်တာလေးတစ်ခုကတော့ မနက်ဖြန်မှာ ကျွန်တော်တို့ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်မှာ ကျင်းပမယ့် စစ်ကိုင်းတိုင်း၊ မုံရွာမြို့မှာ ကျင်းပမယ့် မြန်မာလူငယ် ဖိုရမ်ပေါ့ (Myanmar Youth Forum) က မနက်ဖြန်မှာ စပြီး ကျင်းပပါပြီ။ အဲဒီတော့ ကျွန်တော်တို့ သိချင်တာက ဝန်ကြီးဌာနအနေနဲ့ ဒီလူငယ်ထုနဲ့ ဘယ်လိုမျိုး ချိတ်ဆက် ဆောင်ရွက်ထားပါသလဲ ဆိုတာကို ကျွန်တော် သိချင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းဟာ အရေးလည်းကြီးပါတယ်။ တကယ်လည်း အလေးထားရမယ့်ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဒီရက်(၁၀၀) စီမံကိန်းရဲ့ ဦးစားပေးအစီအစဉ်အနေနဲ့ ဒီမူဝါဒရေးဆွဲရေးကို အကောင်အထည်ဖော် တယ်ဆိုပေမယ့် ကျွန်တော်တို့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်ပြီးတော့ မနက်ဖြန်ကျင်းပမယ့် လူငယ် ဖိုရမ် စစ်ကိုင်းတိုင်း၊ မုံရွာမှာကျင်းပမယ့် လူငယ် ဖိုရမ် မှာလည်း ကျွန်တော်တို့ဝန်ကြီးဌာန (၃)ခုလုံးက နေပြီးတော့ ကိုယ်စားလှယ်တွေ သွားပြီးတော့ တက်ရောက်မှာ ဖြစ်ပါတယ်။ သွားတက်ရောက်တဲ့အခါ ကျတော့ လူငယ်များရဲ့ အစည်းအဝေးဆုံးဖြတ်ချက်တွေ၊ သူတို့ရဲ့ ဆွေးနွေးချက်တွေ၊ ဒါတွေ အကုန်လုံးကို ကျွန်တော်တို့ဝန်ကြီးဌာနက တာဝန်ရှိတဲ့သူတွေ အကုန်လုံးက နားထောင်မယ်၊ အကြံပေးမယ် သူတို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ့် ကိစ္စတွေရှိပါတယ်။ အဲဒီလိုပြုလုပ်ခြင်း

အားဖြင့် ဒီလူငယ် ဖိုရမ် ကနေပြီးတော့ ကျွန်တော်တို့ Output ကောင်းကောင်း ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒီထွက်လာတဲ့ အပေါ်မှာ အချက်အလက်တွေ အခြေခံအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့က ဆက်လက်ပြီးတော့ လူငယ်မူဝါဒရေးဆွဲရေးကို ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ကော်မတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီလူငယ် ဖိုရမ်က ထွက်လာတဲ့ အရေးကြီးတဲ့ အချက်အလက်တွေကို အသုံးပြုမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဆက်လက်ပြီးတော့ ဆွေးနွေးပြီးတော့လည်း လူငယ်တွေကိုယ်တိုင် တကယ်ပါဝင်ရေးဆွဲတာဖြစ်အောင်၊ နောက်ပြီးတော့ လည်း ကျွန်တော်တို့ ဒီမှာ ဆောင်ရွက်တဲ့ကိစ္စဟာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ပါဝင်ပတ်သက်မှု ရှိတယ်ဆိုတာ ပေါ်လွင်အောင်နဲ့ တကယ်လည်း ထိထိရောက်ရောက်ဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဟာဆိုရင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပြီးဆုံးပြီ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသွားမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ဇွန်လ ၁၀ ရက်နေ့အထိ အစည်းအဝေး အကြိမ်(၄၀)မြောက်အထိ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးပထမနေ့၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ သဘာပတိအဖြစ် တင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးက ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူကို ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်နိုင်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်လုံးကျွတ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်း၊ ဘင်္ဂလားဒေ့ရှ် ပါလီမန်ဥက္ကဋ္ဌ ဒေါက်တာရှီရင်ရှာမင်ချောင်ဒရီ၊ စင်ကာပူသမ္မတနိုင်ငံ၊ စင်ကာပူပါလီမန် ဥက္ကဋ္ဌ H.E Madam HALIMAH YACOB၊ ထိုင်းနိုင်ငံ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပါမောက္ခ ပုန်ပတ်ချ်ဝီချစ်ချိုချိုင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ မစ္စတာချိုတဲဘော့၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာချွန်ယွီဟွာ၊ ဂျပန် နိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E Mr. MasaakiYamazaki၊ ကူဝိတ်နိုင်ငံ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာမားဇုဂ်အလီအယ်လ်ဂနင်မ်

တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့လာခြင်း ကို လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေဖြင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄ တို့အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ များကို ဖွဲ့စည်းနိုင်ရေး အတွက် ကော်မတီ တစ်ခုချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ယင်းကော်မတီများ အလိုက် တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းတို့ကိုလည်းကောင်း အမျိုးသားလွှတ်တော် သို့ တင်ပြ၍အတည်ပြုချက် ရယူခြင်း၊ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ လွှတ်တော် ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ရာ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေး သူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားများ ဆိုင်ရာကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ ကို ဖွဲ့စည်းနိုင်ရေးအတွက် ယင်းကော်မတီတစ်ခုချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် အဖြစ်ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ယင်းကော်မတီများအလိုက် တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကိုလည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကိုလည်းကောင်း အမျိုးသား လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ရယူခြင်း၊ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်း နိုင်ငံတကာနှင့်ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးကို ရှေးရှု၍ အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ပြင်သစ်၊ ဘရူနိုင်း၊ လပ်ဗီးယား၊ ပိုလန်၊ ဘယ်လာရုစ် လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများတွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ ပြင်ဆင်ဖွဲ့စည်းမည့် အမည် စာရင်းများကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက် ခဲ့ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများ နှင့် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြ မေးခွန်း(၃၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၆)ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်းနှင့် ကြယ်ပွင့်မပြ မေးခွန်းများအား စာဖြင့် ပေးပို့ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်က အရေးကြီးအဆိုတင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက် ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ် တည်တံ့ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်နိုင်ရေး၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့ကောင်စီ ဥပဒေနှင့် နိုင်ငံတော်ကောင်စီ ဥပဒေတို့သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိခြင်း၊ နိုင်ငံတော် အုပ်ချုပ်ရေးစနစ်အဆင့်ဆင့် ပြောင်းလဲလာခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးနေပြီ ဖြစ်သဖြင့် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှု မရှိခြင်းကြောင့် ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း ကလည်းကောင်း၊ နိုင်ငံတော်ကောင်စီဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ မြတ်ဉာဏစိုး ကလည်းကောင်း အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း

နှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းများအပေါ် ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

နိုင်ငံတော်ကောင်စီ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၂၈ ဖြင့်လည်းကောင်း၊ ပြည်သူ့ကောင်စီ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉ ဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို နိုင်ငံသားတို့အနေဖြင့် စနစ်တကျ ဆန္ဒဖော်ထုတ်ခွင့်ရရှိ စေရန်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်း မရှိဘဲ ဖိနှိပ်သည့် ဥပဒေမျိုး မဖြစ်စေရန် နှင့် ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူ များကြောင့် အများပြည်သူများအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ် ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်အတွက် ငြိမ်းချမ်းစွာ စုဝေးခြင်း နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးက အမျိုးသား လွှတ်တော်သို့ အဆို တင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၁ ဖြင့် ပြဋ္ဌာန်းခဲ့သော ရေချိုငါးလုပ်ငန်း ဥပဒေသည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်က အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း နှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာမှာ လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထား တာဝန်ပေးအပ်နိုင်ရန်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထား ရာတွင် ပြည်သူ့ဆန္ဒ သဘောထားနှင့်အညီ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး

ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး အဖြတ်ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ဥပဒေအမှတ် ၁၁/၁၉၉၀ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ယခုအခါ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား (၂)နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါသဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀) မှ ဒေါက်တာမျိုးအောင် က အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ထိုနည်းတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က မန္တလေး မြို့တော် စည်ပင်သာယာရေး ဥပဒေကို ဥပဒေအမှတ် ၈/၂၀၀၂ ဖြင့် ပြဋ္ဌာန်းခဲ့ ပါတယ်။ ယခုအခါ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား(၂)နှင့်အညီ မန္တလေးတိုင်း ဒေသကြီး လွှတ်တော်က မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါ သဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေးက အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း တို့ကို ဆောင်ရွက်ခဲ့ရာ ယင်းဥပဒေကြမ်းများကို လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း ပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့်-

(က) နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊

(ခ) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊

(ဂ) အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊

(ဃ) တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း၊

(င) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တို့ကို အမျိုးသားလွှတ်တော်တွင် အစီရင်ခံစာတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော် သို့ ပြည်လည်ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား-

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော

(က) လျှပ်စစ် နည်းဥပဒေများ၊

(ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေ များကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည် ပြု၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကော်မတီများက ပြုလုပ်သည့် အစည်းအဝေးများမှာ -

- ဥပဒေကြမ်းကော်မတီ (၂၃)ကြိမ်၊
- ပြည်သူ့ငွေစာရင်းကော်မတီ (၈)ကြိမ်၊
- လွှတ်တော်အခွင့်အရေးကော်မတီ (၆) ကြိမ်၊
- အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ (၁၁)ကြိမ်၊
- နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့်ပူးပေါင်း ဆောင်ရွက် ရေးကော်မတီ(၄)ကြိမ်၊
- အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ (၉)ကြိမ်၊
- ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ(၁၃)ကြိမ်၊
- တိုင်းရင်းသားရေးရာ ကော်မတီ (၄)ကြိမ်၊
- တောင်သူလယ်သမားရေးရာကော်မတီ (၁၂)ကြိမ်၊
- အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ(၁၂) ကြိမ်
- ပညာရေးမြှင့်တင်မှုကော်မတီ (၁၂) ကြိမ်၊
- ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီ (၂၂) ကြိမ်၊
- နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ (၁၂)ကြိမ်၊
- သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ(၁၉)ကြိမ်၊

- ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၁၃)ကြိမ်၊
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ (၁၄)ကြိမ်၊

စုစုပေါင်းကော်မတီအစည်းအဝေး(၁၉၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန် ဆွေးနွေးပွဲ (Debate)ကို (၅)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအတွက် သတင်းအချက်အလက် နှင့်လုပ်ငန်း အကူအဖွဲ့မှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ကာလအတွင်း မီဒီယာ ဆက်ဆံရေး၊ ကွန်ပျူတာအသုံးပြုမှုဆိုင်ရာ အခြေခံအချက်များနှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ စာတမ်းတို(၃)စောင်အား ပြုစုပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးက သိရှိလိုသည့် သတင်းအချက်အလက် (၂၆၄ )ခုအား ရှာဖွေပေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ ဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြား သုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်လို့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ လွှတ်တော်ဟာ ဥပဒေပြုရေးအာဏာ ပိုင်ဆိုင်ထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရရှိထားတဲ့ ဥပဒေပြုရေးအာဏာကိုအသုံးပြုပြီး ပြည်သူများ ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးဟာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အဓိက တာဝန်ပဲဖြစ်ပါတယ်။

ဒါ့အပြင် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့ရဲ့ လုပ်ငန်းများ ကိုလည်း နှံ့နှံ့စပ်စပ် လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေး ကဏ္ဍများအပေါ် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောဆို၊ ပြုမူ၊ ဆောင်ရွက်ချက်များသည် မလျော်သြဇာသုံးသည့် သဘောမျိုး မသက်ရောက်စေရန် သတိကြီးစွာထားဖို့ လိုအပ်ပါတယ်။

လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်မှာ ဒေသခံပြည်သူတွေ ပေးအပ်မယ့် တာဝန်တွေ ကိုခံယူပြီး ပြည်သူ့စကား၊ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒများကို လွှတ်တော်ထဲအထိ ရောက်အောင် မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေ တင်သွင်းခြင်း ဖြင့် ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောကြားရင်း လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမိမိတို့ သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ

ဖြင့် ပြန်လည်ရောက်ရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၀) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၀း၄၁ နာရီအချိန်တွင် ရပ်နားပါသည်။]